

**(ဇန်နဝါရီလ ၂၈ ရက် မှအဆက်)**

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

**မင်းဇလှူး**

အစိုးရများ အပေါ်ယုံကြည်စိတ်ချရမှုဟာ အစိုးရအတွက်**"အုပ်ချုပ်ရေးအရင်း"**ကိုဖြစ်ပေါ်စေပါတယ်။ ဆိုလိုတာကတော့ ရေရှည်မှာသာ အကျိုးကျေးဇူးပေါ်ပေါက် လာဖွယ်ရာရှိတဲ့ လတ်တလော လူကြိုက်မများလှသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုပင်လျှင် ပြည်သူလူထုက အစိုးရနဲ့ပူးပေါင်း ပါဝင်လာအောင် စွမ်းအားကိုဖြစ်ပေါ်စေတဲ့ ရင်းနှီးမြုပ်နှံမှုမျိုးကိုဆိုလိုတာ ဖြစ်ပါတယ်။ လူမှုရေး ယုံကြည်စိတ်ချရမှုဟာ အစိုးရက ပါဝင်ဆောင်ရွက်တဲ့ နည်းနဲ့ရယူနိုင်ပေမယ့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုဟာ ပါဝင်ဆောင်ရွက်တဲ့နည်းနဲ့ မရနိုင်ရုံမျှမက တစ်ခါတစ်ရံမှာ ဆန့်ကျင်တဲ့ အကျိုးသက်ရောက်မှုကို ခံကြရတာ တွေ့ရှိရပါတယ်။ ဒ့ါကြောင့် အစိုးရများဟာ ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ အယူဝါဒ အသိုက်အဝန်း ၊ အဖွဲ့အစည်း၊ ဌာနစတာတွေထက် ပုဂ္ဂိုလ်ရေးဆိုင်ရာ တစ်ဦးချင်း ကိစ္စများအပေါ် ထိတွေ့ တုံ့ပြန်မှုပြုခြင်း နည်းလမ်းကပိုပြီး အကျိုးကျေးဇူး ရရှိစေပါတယ်။

ယုံကြည်စိတ်ချရမှုကို ပေါက်ဖွားလာစေဖို့အတွက် အစိုးရများဟာ လူပုဂ္ဂိုလ်အချင်းချင်း ဆက်ဆံ၊ဆက်သွယ်တဲ့ လှုပ်ရှားမှုတွေ အပေါ် ထိန်းချုပ်မှုများကို လျှော့ချခြင်း၊ ရောင်းသူနဲ့ ဝယ်သူ အချင်းချင်းယုံကြည်မှုနဲ့ နားလည်မှု သဘောတူညီချက် စာချုပ်စာတမ်းများကို အားဖြည့်ခိုင်မာစေခြင်း၊ ဘယ်နေရာမှာမဆို ဖိအားပေးပြီး ရည်မှန်းချက်များ အကောင်အထည် ဖော်စေမှုများကို ကန့်သတ်ခြင်း၊ တစ်စုံတစ်ယောက်က အခြားတစ်စုံတစ်ယောက် အပေါ် မှီခိုနေရမှုမှ လွတ်မြောက်စေခြင်း (ဥပမာ၊ မိသားစုအတွင်းရှိ ဒုက္ခိတတစ်ဦးအား စောင့်ရှောက် ပေးနေရသော ဒုက္ခမှ လွတ်ကင်းစေခြင်း) စတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားနိုင်ပါတယ်။ အဲဒီလို ပြည်သူလူထုဗဟိုပြု နည်းလမ်းနဲ့ ယုံကြည်စိတ်ချမှုကို တည်ဆောက်ရာမှာ တစ်ခါတစ်ရံလက်အောက် အဖွဲ့အစည်းများ လုပ်ငန်းဌာနများကို မျက်စိစုံမှိတ်ပြီး လုံးဝယုံကြည်အားကိုးခဲ့မိလျှင် ရှိရင်းစွဲလူမှုရေးအရင်းများပင် ဆုံးရှုံးသွားနိုင်စရာ အကြောင်းရှိတာကိုလည်း သတိထားရပါမယ်။

**အရှေ့တောင် အာရှဒေသနိုင်ငံတချို့၏နမူနာ**

အရှေ့တောင် အာရှဒေသနိုင်ငံများမှာ ကိုလိုနီအတွေ့အကြုံရှိတဲ့ နိုင်ငံအများစုပါဝင်ကြပြီး၊ လွတ်မြောက်ရေးစစ်ပွဲများနဲ့ မိမိတို့နိုင်ငံသမိုင်းတွေကို ကမ္ပည်းထိုးခဲ့ကြတဲ့ နိုင်ငံများဖြစ်ကြပါတယ်။ နိုင်ငံသား အာဇာနည်တွေလည်း အသီးသီးပေါ်ပေါက်ခဲ့ကြပါတယ်။ အဲဒီဒေသဟာ စစ်ပွဲများနဲ့ မစိမ်းသလို အစိုးရများအတွက်မူ ယုံကြည်စိတ်ချရမှုဟာ တန်ဖိုးကြီးတဲ့ ကုန်ပစ္စည်းတစ်ခုလို ဖြစ်နေခဲ့ပါတယ်။ ၂၀ရာစု နှောင်းပိုင်းမှာ စင်ကာပူ ၊ မလေးရှားနဲ့ထိုင်းတို့ဟာ**"ကျား"**များအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ လူနေမှု အဆင့်မြင့်လာခြင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ ကျန်းမာရေး၊ ပညာရေး တိုးတက်ခြင်းနဲ့ စီးပွားရေးထွန်းတောက် လာခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအချက်များက ဒေသတွင်းရှိ အခြားဖွံ့ဖြိုးဆဲ နိုင်ငံတချို့ကို စီးပွားရေးတံခါး ပွင့်လာစေဖို့နဲ့ ကမ္ဘာလွှမ်းခြုံမှု သဘောတရားကို လက်ခံလာစေဖို့အတွက် ဖြစ်စေခဲ့ပါတယ်။ ယခုအခါမှာတော့ အရှေ့တောင် အာရှဟာ အမွေးအတောင်စုံ လာတဲ့ ဒီမိုကရေစီ နိုင်ငံအများစု ပါရှိသောအဖွဲ့လို့ ခေါ်ဆိုနိုင်တော့မှာဖြစ်ပါတယ်။

ယုံကြည်စိတ်ချမှုရှိခြင်းဟာ မျှော်လင့်ချက်ရှိခြင်းကို ဖော်ပြခြင်းမျှသာဖြစ်ပါတယ်။ လက်ရှိအခြေအနေကို လက်ခံပြီး တန်ဖိုးဖြတ်နေခြင်းမဟုတ်ပါဘူး။ ပြည်သူလူထုနဲ့အစိုးရအကြားအသက်သွေးကြော

ဆက်စပ်ထိတွေ့မှုဆိုတာဟာ ပြည်သူလူထုအတွက် ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို စွမ်းဆောင်ရည်ရှိရှိ နဲ့ ထိထိ ရောက်ရောက် ဖြန့်ဝေပေးနိုင်မှုရှိခြင်းကို ဆိုလိုပါတယ်။ အဲဒီလို စွမ်းဆောင်ရည် နဲ့ ထိရောက်မှုကောင်း စေဖို့စည်းမျဉ်းဥပဒေများ ၊ ရုံပုံငွေများ၊ ဝန်ထမ်းများရဲ့ အရည်အချင်း၊ အကျင့်စာရိတ္တ စတာတွေ ကောင်းမွန် ဖို့လိုပါတယ်။ ဒါဟာ အစိုးရရဲ့ ဝန်ဆောင်မှုများ အတွက် အဓိက သွင်းအားစုများ ဖြစ်ကြပါတယ်။ ဒါသည်ပင်လျှင် အစိုးရတစ်ခုရဲ့ စွမ်းဆောင် ရည်ရှိမှု ကို ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုအညွှန်း (GCI) က အထက်ပါသွင်းအားစုတွေကို စစ်ဆေး နိုင်ဖို့ မေးခွန်းသုံးခုသာမေးပါတယ်။ ကြိုးနီစံနစ်က ဘယ်လောက်ထိဆိုးသလဲ ၊ အစိုးရသုံးစွဲငွေ အလေအလွင့် ဘယ်လောက်များသလဲ၊ လူပုဂ္ဂိုလ်အရည်အသွေးက ဘယ်လိုလဲဆိုတဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။(GCI) ရဲ့ တွေ့ရှိချက်တွေအရ မေးခွန်းသုံးခုအတွက် အရှေ့တောင်အာရှ နိုင်ငံများရဲ့ ပျမ်းမျှအညွှန်းကိန်းဟာ ၃.၅ ဖြစ်တဲ့အတွက် အလယ်အလတ်ဖြစ်ပါတယ်။ ကြိုးနီစံနစ်ကိုလျှော့ချနိုင်တဲ့ စည်းမျဉ်းတွေ ပစ္စည်းဝယ်ယူရေး စံနစ်ပြုပြင်ပြောင်းလဲခြင်း နဲ့ဆင်ဆင်ခြင်ခြင် သုံးစွဲမှုများအပိုင်းတွေမှာ အားသာမှုတွေ ရှိပေမယ့် လူသားအရင်းအမြစ် အပိုင်းမှာ များစွာအားနည်း နေသေးတာကို တွေ့ရပါတယ်။*

နိုင်ငံတိုင်းမှာ အစိုးရရဲ့ စွမ်းဆောင်မှု အရည်အသွေး နဲ့ ပတ်သက်လို့ အငြင်းပွားဖွယ် ဖြစ်နေပေမယ့် အများပြည်သူ လူထုအတွက် ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ အခြေခံအဆောက်အအုံများ အခြေအနေ ၊ အနိမ့်ဆုံးလစာ သတ်မှတ်ပေးခြင်း နဲ့ လိုက်နာဆောင်ရွက်ခြင်း စတာတွေဟာ အများက လက်ခံနိုင်တဲ့ မှတ်ကျောက်များဖြစ်ကြပါတယ်။ စင်္ကာပူကလွဲပြီး ကျန်နိုင်ငံအစိုးရများရဲ့ စွမ်းဆောင်မှု အရည်အသွေးဟာ တိုးတက်မှု ပိုမိုရရှိဖို့ လိုအပ်နေသေးကြောင်း ကမ္ဘာစီးပွားရေး ဖိုရမ်(၂၀၀၁)မှာ ဆွေးနွေးခဲ့ကြတာကို တွေ့ရှိရပါတယ်။

အစိုးရဟာ လူတိုင်းအတွက် ဝန်ဆောင်မှုတွေ လုပ်ပေးနေရပါတယ်။ အထူးသဖြင့် ဆင်းရဲချို့တဲ့လို့၊ ပညာမသင်ကြားနိုင်လို့ ၊ ဝေးလံခေါင်ဖျားဒေသတွေမှာ နေထိုင်ကြရလို့ ၊တိုင်းရင်းသား လူနည်းစုဖြစ်လို့ ၊မသန်စွမ်းဖြစ်လို့ အစရှိတဲ့ ပိုင်းခြားခံရသလို ဖြစ်နေသူများအတွက် ဝန်ဆောင်မှုတွေကို ပိုပြီးလုပ်ပေးဖို့ တာဝန်ရှိပါတယ်။ အဲဒီ မူဝါဒဟာ လူမှုရေး တရားမျှတမှုကို ပိုမိုရရှိစေပြီး နိုင်ငံရဲ့ တည်ငြိမ်မှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ရင်းနှီးမြှုပ်နှံမှုများအတွက် လုံခြုံစိတ်ချရမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ ဒ့ါကြောင့် (GCI) က စီးပွားရေး စီမံခန့်ခွဲသူများကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာမှာ ဒီပေတံနဲ့ တိုင်းထွာကြပါလို့ မေတ္တာ ရပ်ခံထားပါတယ်။ အရှေ့တောင်အာရှ နိုင်ငံများမှာ စင်္ကာပူကလွဲပြီး ကျန်နိုင်ငံများဟာအလယ် အလတ် အောက်မှာပဲ ရှိနေကြပါတယ်။ လူမှုရေးလွှဲပြောင်းပေးမှုတွေ အောက်ခြေကို ပျံ့နှံ့စွာ မရောက် သေးခြင်း၊ ကျောင်းများရဲ့ အရည်အသွေး ကွာခြားခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ကွဲပြားခြားနားခြင်း၊ အစိုးရများရဲ့ မူဝါဒအရ အခွင့်သာမှု မရရှိကြသေးခြင်း စတဲ့ အချက်များကြောင့်ဖြစ် ပါတယ်။*

သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာက လူတစ်ယောက်ကို မည်သူနှင့်မဆို၊ မည်သည့်အချိန်တွင် မဆို ဆက်သွယ်နိုင်စွမ်းရှိအောင် အခွင့်အရေးပေးထားပါတယ်။ စီးပွားရေး၊ ပညာရေး ၊ ကျား/မ ၊ နေရာဒေသကွာခြားမှုမရှိစေဘဲ ဖြစ်နိုင်သမျှ အဲဒီအခွင့်အရေးကို ရရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အစိုးရဌာနများရဲ့ အွန်လိုင်း ဝန်ဆောင်မှုများဟာ (e – govt ) စံနစ် အတွက် အထောက်အပံ့ ဖြစ်စေသလို ကောင်းမွန်သော အုပ်ချုပ်ရေးရဲ့ အဓိကအင်္ဂါရပ် သုံးခုဖြစ်တဲ့

အကျင့်ပျက်ခြစားမှု ပပျောက်ရေး၊ ထင်သာမြင်သာရှိမှုနဲ့ ပါဝင်ခွင့်ရှိခြင်းတို့ကို အထောက်အကူ ပေးနိုင်ပါတယ်။

**အရေးကြီးသော အလားအလာများနှင့် စိန်ခေါ်မှုများ**

အရှေ့တောင် အာရှနိုင်ငံများဟာ ကမ္ဘာ့အခြားသော ဒေသများ နဲ့ မတူထူးခြားတဲ့ အချက်တချို့ ရှိတယ်လို့ ဆိုကြပါတယ်။ ပထမအချက်ကတော့ အခြားနိုင်ငံများ နဲ့ နှိုင်းစာလျှင် အရှေ့တောင်အာရှ နိုင်ငံသားများဟာ အစိုးရများနဲ့ စည်းကမ်းတကျ ဖွဲ့စည်းတည်ထောင်ထားတဲ့ ဌာနများအပေါ်သို့ အတိုင်းအတာတစ်ခုအထိ ပိုမိုယုံကြည်စိတ်ချ မှုရှိနေကြဆဲ ဖြစ်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ နိုင်ငံသားအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ယေဘုယျ ယုံကြည်မှုနည်းနေသူများကပင် အစိုးရအပေါ် မေးခွန်းထုတ်စရာများ ရှိနေလင့်ကစား အထိုက်အလျောက် ယုံကြည်မှုရှိနေကြခြင်းဖြစ်ပါတယ်။ ဒါဟာကြားဝင်ဖြန်ဖြေ နှစ်သိမ့်ပေးမယ့်သူများ ရှိနေတာကြောင့် သော်လည်းကောင်း၊ ဘာသာရေးအဆုံးအမများကြောင့် သော်လည်းကောင်း၊ ဖြစ်နိုင် တယ်လို့ဆိုပါတယ်။ မျှော်လင့်ချက်ထားလိုတဲ့ စိတ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အဲဒီလို အခြေအနေကြောင့် အရှေ့တောင်အာရှ နိုင်ငံများမှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချ မှုကို ရရှိအောင် တည်ဆောက်ရတဲ့ အလုပ်ဟာအစိုးရများအတွက်ပိုပြီး ထိုက်တန်တယ်လို့ဆိုရပါမယ်။ ယုံကြည်စိတ်ချရမှု တည်ဆောက်ရာမှာ အရှေ့တောင်အာရှ နိုင်ငံများရဲ့ နမူနာကို ယူမယ်ဆိုပါက အစိုးရနဲ့ ပြည်သူလူထုအကြား ထိတွေ့တဲ့ နေရာကို ပထမဦးဆုံးအာရုံစူးစိုက် လုပ်ဆောင် ပေးရမှာ ဖြစ်ပါတယ်။ အဲဒီ နေရာဟာ **ပြည်သူလူထုအတွက် ဝန်ဆောင်မှုနဲ့ လွယ်ကူ အဆင်ပြေမှုရရှိအောင် လုပ်ပေးရမယ့်အပိုင်း**ပဲဖြစ်ပါတယ်။ ဒုတိယ အာရုံစူးစိုက်ရမယ့် နေရာကတော့ **နိုင်ငံ့ဝန်ထမ်းများ အပိုင်း**ဖြစ် ပါတယ်။ ပြည်သူ့ဗဟိုပြု မူဝါဒအသစ်အရ စိန်ခေါ်မှု အသစ်များကို ရင်ဆိုင်နေကြရ ပေမယ့်လည်း မှန်ကန်တဲ့လမ်းကြောင်း အပေါ်တွင် ရှေ့သို့ဆက်တိုး ပြီးလုပ် နေကြရသူများအတွက် ပေါင်းစည်းစွမ်းအင် ဖြစ်ပေါ်လာအောင် အုပ်ချုပ်ရေးအပိုင်းကို ဦးစားပေး ပြုပြင်ပြောင်းလဲရေး လုပ်ပေးရပါမယ်။ ဝန်ထမ်း ဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုခြင်း ၊ လမ်းညွှန်ပြခြင်း ၊ လေ့ကျင့်ပေးခြင်းနဲ့ ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ အဆင့်တိုးပေးခြင်း၊ အကြံဉာဏ်နဲ့ တိုင်ပင် ဆွေးနွေးခွင့်ပေးခြင်း၊ ပကတိအခြေအနေ လှည့်လည် စစ်ဆေးခြင်း ၊ စံချိန်မီစာရင်းစစ်ဖြင့် စစ်ဆေးခြင်းနဲ့ လိုအပ်က လက်တွဲဖြုတ်ခြင်း စတာတွေကို မလွဲမသွေ ပြုလုပ်ပေးသွားရမှာ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံက ဆောင်ရွက်ခဲ့တဲ့ **"ထိပ်ပိုင်းယန္တရား ပြုပြင်ပြောင်းလဲရေး"** အစီအစဉ်ဟာ နမူနာကောင်းတစ်ခု ဖြစ်ပါတယ်။

**နိဂုံး**

အာရှတိုက်နိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေး နမူနာများဟာ ကျွန်တော်တို့နိုင်ငံအတွက် အနီးစပ် ဆုံး၊ အကောင်းဆုံး နမူနာများဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးခေါင်းဆောင်များဟာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှုလုံလုံလောက်လောက်ရရှိရန်အတွက်တော့ အချိန်ယူကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရင်း၊ လူမှုရေးအရင်း၊ အုပ်ချုပ်ရေး အရင်းများရအောင် အကြိမ်ကြိမ် အဆက်မပြတ် ကြိုးစားအားထုတ် နေကြရမှာဖြစ်ပါတယ်။ ဒါကို မီးပွတ်သမားနဲ့ တင်စားနိုင်ပါတယ်။ မီးပွတ်နေခိုက် တစ်ဘက်ကို တစ်ဘက်လက်ညှိုးထိုး အပြစ်တင်နေလို့တော့ ယုံကြည်စိတ်ချရမှု ပေါ်ပေါက် လာစရာအကြောင်း မရှိပါဘူး။ဒီနေရာမှာ အချက်အလက်ရှာဖွေရာ၌ အကြီးအကျယ် သဘောထား ကွဲလွဲမှုရှိသော်လည်း အလုပ်လုပ်ရာတွင် တက်ညီလက်ညီရှိလှသော အာရှနိုင်ငံတချို့ ကိုလည်း နမူနာယူသင့်ပါတယ်။ ဒါကြောင့် မတူတာတွေ ခဏဘေးဖယ်ထားပြီး တူတာတွေ

ပူးပေါင်းဆောင်ရွက် နိုင်ကြရမှာဖြစ်ပါတယ်။ အကြံတူလျှင် နောက်လူသာရမှာပါ။ ရေခံမြေခံကောင်းတဲ့ သဘာဝဝန်းကျင်တွင် ပေါင်းစည်းစွမ်းအင် ဝင်လာမှသာလျှင် ကျွန်တော်တို့မျှော်မှန်းသလို တစ်ဟုန်ထိုးတိုးတက်ပြီး ကျွန်တော်တို့ကို လွှမ်းမိုး လာဖွယ်အလားအလာရှိတဲ့ အခြားနိုင်ငံများကို ဖြတ်ကျော်နိုင်မှာပါ။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းမဆို မိမိကိုယ်ကို ဗဟိုပြုနေသရွေ့ ၊ မိမိအဖွဲ့အစည်းကို ဗဟိုပြုနေသရွေ့ ပေါင်းစည်း စွမ်းအင်ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ **ပြည်သူလူထုကို ဗဟိုပြုသော မဟာဗျူဟာနဲ့ ကိုယ်ကျိုး မငဲ့သောခေါင်းဆောင်**မှုတို့သည်သာ ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုနဲ့၊ ထိုမှတစ်ဆင့် နိုင်ငံအတွက် ပေါင်းစည်းစွမ်းအင်ဖြစ်လာရန် အခြေခံ လိုအပ်ချက်များ ဖြစ်ကြောင်းပါခင်ဗျား။

***** Source : Building trust in Government in Southeast Asia , contributor – Ledivina V.Carino

**( ပြီးပါပြီ )**